METRO HEALTH
UNIVERSITY OF MICHIGAN HEALTH

## ဘဏ္ဍာရေးအထောက်အပံ့ဆိုင်ရာ မူဝါဒအတွက် ရိုးရှင်းသောအသုံးအနှုန်းဖြင့် ဖော်ပြထားသည့် အကြောင်းအရာအကျဉ်း

မတ်ထရို (Metro) သည် အရေးပေါ်နှင့် ဆေးဝါးကုသမှုဆိုင်ရာအရ လိ
လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများတို့ကို အာမခံထားရှိခြင်းမရှိသော လူနာများအတွက်
က်ဖြစ်စေ၊ အကန့်အသတ်ဖြင့် အာမခံထားရှိသော လူနာများ အတွက်ဖြစ်စေ အခ
အခမဲ့
သို့မဟုတ် ဈေးလျှော့ထားသောနှုန်းထားများဖြင့် ပံ့ပိုးပေးမည်ဖြစ်သည်။ ယေဘူယျသဘောအရ ဈေး လျှော့ထားသောနှုန်းထားများကို
ကို ခံစားပိုင်ခွင့်ရှိသော လူနာများတို့၏ မိသားစုလိုက်ဝင်ငွေသည် ဆင်းရဲမွဲတေမှုဆိုင်ရာ ဖယ်ဒ ရယ်လမ်းညွှန်ချက်များ၏ ၂
၂၅၀% အောက်တွင် ရှိရမည်ဖြစ်ပြီး၊ အခမဲ့ကျန်းမာရေးစောင့်ရှောက်ခွင့်ခံစားပိုင်ခွင့်ရှိသော လူနာများ တို့သည်
ဆင်းရဲမွဲတေမှုဆိုင်ရာ ဖယ်ဒရယ်လမ်းညွှန်ချက်များ၏ ၁၇၅% အောက်တွင် ရှိနေရမည်ဖြစ်သည်။ အခြားသော ကန့်
သတ်ထားသည့်အခြေအနေများအတွက် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ကို ထိုလူနာ၏ဆေးဝါးကုသမှုဆိုင်ရာ ကုန်ကျစရိတ်
ဖြတ်ပိုင်းများတို့၏ ပမာဏအပေါ်တွင်လည်းကောင်း၊ ခံစားပိုင်ခွင့်အတွက် ထိုလူနာသည် အခြားသောသတ်မှတ်ချက်အချို့
တို့နှင့် ကိုက်ညီမှုရှိခြင်းအပေါ်တွင်လည်းကောင်း မူတည်ပြီး ရရှိနိုင်ပါသည်။

ဘဏ္ဍာရေးအထောက်အပံ့ ရယူလိုသောလူနာများတို့သည် ဘ
ဘဏ္ဍာရေးအထောက်အပံ့တောင်းခံလွှာပုံစံကို ဖြည့်ပြီး လျှောက်ထားနိုင်ပါသည်။ ဘဏ္ဍာရေးအထောက်အပံ့တောင်
င်းခံလွှာအပြင် မတ်ထရို၏ ဘဏ္ဍာရေးအထောက်အပံ့ဆိုင်ရာမူဝါဒ၊ ကျ
ကျသင့်ငွေတောင်းခံခြင်းနှင့် ငွေကောက်ခံမှုဆိုင်ရာမူဝါဒတို့၏ မိတ္တူများတို့ကို https://metrohealth.net/about-metro-
health/billing-payment-options/financial-assistance/ တွင်ရယူနိုင်ပါသည်။ လူနာများတို့သည်
ဘဏ္ဍာရေးအထောက်အပံ့ တောင်းခံလွှာနှင့်အရှေ့တွင် ဖော်ပြထားသည့် မူဝါဒများတို့ကို ၆၁၆-၂၅၂-၇၁၁၁ သို့မဟုတ် ၁-၈၀၀-
၉၆၈-၀၀၅၁ သို့ဖုန်းခေါ်ဆို ပြီး စာတိုက်မှပေးပို့ပါရန် တောင်းဆိုနိုင်သကဲ့သို့ မတ်ထရိုကျန်းမာရေးဆေးရုံဧည့်ခန်းဆောင်တွင်
(လူနာမှတ်ပုံတင်စာရင်းသွင်း ရန် နေရာဘေးကပ်လျက်ရှိ) တည်ရှိသော မတ်ထရိုဘဏ္ဍာရေးဆိုင်ရာအကြံပေး သိ
သို့မဟုတ် ငွေကိုင်ထံမှဖြစ်စေ၊ မည်သည့် မတ်ထရိုရုံးနေရာမဆိုရှိ လူနာမှတ်ပုံတင်စာရင်းသွင်းရန်နေရာတွင်ဖြစ်စေ လူ
လူကိုယ်တိုင် အခမဲ့ရယူနိုင်သည်။ ဘဏ္ဍာရေး အထောက်အပံ့တောင်းခံလွှာနှင့် အရှေ့တွင် ဖော်ပြထားသည့်မူဝါဒများတို့ (အပြင်
ဤရိုးရှင်းသော အသုံးအနှုန်းဖြင့် ဖော်ပြထား သည့် အကြောင်းအရာအကျဉ်းအပါအဝင်) ကို အင်္ဂလိပ်ဘာသာ၊ စပိန်ဘာသာ၊
အာရဗီဘာသာ၊ ဘော့စနီးယားဘာသာ၊ မြန်မာ ဘာသာ၊ တရုတ် မန်ဒရင်းဘာသာ၊ နီပေါဘာသာ၊ ကင်ယာဝမ်ဒဘာသာ၊
ကိုရီးယားဘာသာ၊ ဆိုမာလီဘာသာ၊ ဆွာဟီလီဘာသာနှင့် ဗီယက်နမ်ဘာသာ တို့ဖြင့် ရရှိနိုင်ပါသည်။

ဖြည့်ပြီး ဘဏ္ဍာရေးအထောက်အပံ့တောင်းခံလွှာများတို့ကို မတ်ထရိုကျန်းမာရေးဆေးရုံ၊ ဖောက်သည်ဝန်ဆောင်မှုရုံ
ရုံး၊ စာတိုက်သေတ္တာအမှတ် ၉၁၃ ဂရင်ယိုမင်၊ အမ်အိုင် ၄၉၅၀၅-၀၉၁၃ သို့လိပ်မူပြီးပေးပို့ရပါမည်။ လျှောက်လွှာများတို့ကို မတ်
ထရိုကျန်းမာရေး ဆေးရုံဧည့်ခန်းဆောင်တွင် (လူနာမှတ်ပုံတင်စာရင်းသွင်းရန် နေရာဘေးကပ်လျက်ရှိ) တည်ရှိသော မတ်ထရို
ဘဏ္ဍာရေးဆိုင်ရာ အကြံပေး သို့မဟုတ် ငွေကိုင်ထံသို့ဖြစ်စေ၊ မည်သည့် မတ်ထရိုရုံးနေရာမဆိုရှိ လူနာမှတ်ပုံတင်စာရင်းသွင်း ရန်
နေရာသို့ဖြစ်စေ လူကိုယ်တိုင် သွားရောက်ပေးပို့နိုင်ပါသည်။ လျှောက်လွှာများတို့ကို အထက်တွင်ဖော်ပြထားသော လိပ်စာ သို့
ယူအက်စ်စာပို့မှတစ်ဆင့်လည်း ပေးပို့နိုင်သကဲ့သို့ CustomerService@metrogr.org သို့အီးမေးလ်ဖြင့် ပေးပို့နိုင်သည်။

သတင်းအချက်အလက်ပိုမိုရရှိလိုသောသူများ သို့မဟုတ် ဘဏ္ဍာရေးအထောက်အပံ့တောင်းခံလွှာဖြည့်ရာတွင် အကူ
အညီလိုအပ်သူများတို့သည် ဖောက်သည်ဝန်ဆောင်မှုရုံးရှိ မတ်ထရိုကလေ့ကျင့်ပေးထားသည့် မတ
မတ်ထရိုကိုယ်စားလှယ်များထံ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၇:၃၀ နာရီမှ ညနေ ၄:၄၅ နာရီအထိ (၆၁၆) ၂၅၂-၇၁၁၁
သို့မဟုတ် ၁-၈၀၀-၉၆၈-၀၀၅၁ ဖြင့် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

METRO HEALTH
UNIVERSITY OF MICHIGAN HEALTH

အရေးပေါ် သို့မဟုတ် ဆေးဂါးကုသမှုဆိုင်ရာ လိုအပ်သောစောင့်ရှောက်မှုနှင့်သက်ဆိုင်သော မတ်ထရို၏ ဘဏ္ဍာရေး
အထောက်အပံ့ဆိုင်ရာ မူဂါဒအရ ဘဏ္ဍာရေးအထောကအပံ့ရရှိရန် အရည်အသွေးပြည့်မီသော လူနာသည်
အလားတူ စောင့် ရှောက်မှုအတွက် ကာမိသော အာမခံရှိထားသည့် ပု
ပုဂ္ဂိုလ်များအား ထိုဂန်ဆောင်မှုအတွက် ပုံမှန်ပေးချေစေသော ငွေပမာဏ ထက်ပိုပြီး တောင်းခံလိမ့်မည်မဟုတ်ပါ။